ကပ်တိုင်တင်ခံရသော သူများတို့သည် ပုံမှန်အားဖြင့် နာရီအနည်းငယ်အတွင်း မသေဆုံးခဲ့ကြချေ။ ထို့ကြောင့် ယေရှုသည် သေနေပြီဖြစ်ကြောင်း သေချာ၊ မသေချာသိဖို့ရန် စစ်သားများသည် မည်သို့လုပ်ခဲ့ကြသနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၉း ၃၂-၃၇။



ယေရှု၏ တပည့်တော်များ သည် အင်မတန်နှလုံးကြေကွဲခဲ့ကြ၏။ သူတို့သည် အရင်ကထက် ထိုအချိန်၌ ပိုချစ်ခဲ့ကြ၏။ ယေရှု၏ အလောင်းတော်ကို ကပ်တိုင်မှဖယ်ရှားရန် မစောင့်နိုင်တော့ချေ။ ထို့နောက် ပြစ်မှုကျူးလွန်သူများ၏ သင်္ဂြိုဟ်ရာသင်္ချိုင်းသို့ ခေါ်သွားခဲ့ကြသည်။ သို့သော် သူတို့သည်အလွန်ဆင်းရဲသောသူများဖြစ်ကြသည်။ သူတို့သည် ယေရှု၏အလောင်းတော်ကို သင့်တင့်လျောက်ပတ်စွာ အဘယ်သို့ ဂူသွင်းမြှုပ်နှံခဲ့ကြသနည်း။ ယောဟန်နှင့် မယ်တော်မာရိတို့သည်လည်း ကြည့်ရှုဖို့ရန် ရှိနေခဲ့ကြ၏။ ထို့နောက် အဘယ်သို့ ဖြစ်ပျက်ခဲ့သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၉း၃၈-၄၂၊ ရှင်လုကာခရစ်ဝင် ၂၃း၅၄-၅၆။

**လက်တွေ့ကျင့်သုံးရန်** - တပည့်တော်များသည် ယေရှု၏စကားတော်များကို ပြန်သတိရနေပါက၊ သူတို့သည် အလွန်စိတ်ပျက်အားငယ်ကြမည် မဟုတ်ပေ။ ရှင်မဿဲခရစ်ဝင် ၂၀:၁၈၊ ၁၉။ ကျွန်ုပ်တို့သည်လည်း ကျမ်းစာမဖတ်ဘဲ၊ ဘုရားသခင်၏ ကတိတော်များကို သတိမရပါက၊ ဘုရားသခင်၏ကတိတော်များသည် ကျွန်ုပ်တို့အား အားဖြစ်စေမည်လား။

## သောကြာနေ့ ၊ သင်္ချိုင်းဂူထဲ၌ အနားယူခြင်း (ရှင်မဿဲခရစ်ဝင် ၂၇း၆၂-၆၆) ၆

သောကြာနေ့ညနေပိုင်း နေမဝင်ခင်တွင် ယေရှုကို ဂူသင်္ချိုင်းထဲသို့ သွင်းခဲ့လေ၏။ ယေရှုသည် ကျွန်ုပ်တို့၏ကမ္ဘာ ဖန်ဆင်းခြင်း အမှုကို ပြီးစီးခဲ့သောအခါ အနားယူခဲ့သည့် ဥပုသ်နေ့၌အနားယူခဲ့၏။ (ကမ္ဘာဦးကျမ်း ၂း၁-၃) ၊ ထိုဥပုသ်နေ့၌ပင် သူ၏ကယ်တင်ခြင်းလုပ်ငန်းမှလည်း အနားယူခဲ့သည်။

ဥပုသ်နေ့သည် အခြားသောနေ့များထက် ထူးမြတ်သောနေ့ဖြစ်ကြောင်း ယေရှုပြသခဲ့သည်။ လူများတို့သည် သူတို့ပုံမှန်ကျင်းပနေသည့် ပဿခါပွဲအတွက် သူတို့၏တိုင်းပြည်အသီးသီးမှ ယေရုရှလင်သို့ လာခဲ့ကြ၏။ သို့သော် ထိုအချိန်တွင် ဗိမာန်တော်မှ ကြီးမားသော ကန့်လန့်ကာသည် အပေါ်မှ အောက်နှစ်ခြမ်းကွဲသွားခဲ့ပြီး၊ လူတိုင်းသည်လည်း အသန့်ရှင်းဆုံးအခန်းသို့ မြင်တွေ့နိုင်ခဲ့ကြလေသည်။



ကပ်တိုင်တင်သောအချိန်မှစ၍ ရှင်ပြန်ထမြောက်ခြင်းတိုင်အောင်၊ လူများတို့သည် မအိပ်ခဲ့ကြဘဲ၊ အနာဂတ္တိဟောထားချက်များ အဘယ်ကဲ့သို့ ဖြစ်မည်ကို နားလည်ရန် လုံ့လဝီရိယရှိစွာ စူးစိုက်လေ့လာနေခဲ့ကြ၏။ သူတို့သည် နည်းလမ်းအမျိုးမျိုးဖြင့် ကွဲပြားခြားနားစွာ လေ့လာခဲ့ကြသော်လည်း၊ အားလုံး၏လေ့လာချက်များမှာ ယေရှုသည် မေရှိယသခင် လောက၏ရွေးနုတ်ကယ်တင်ရှင် ဖြစ်ကြောင်း ထပ်တူထပ်ကျ တွေ့ခဲ့ကြလေသည်။ ယဇ်ပုရောဟိတ်အများသည် ယေရှုရှင်ပြန်ထမြောက်ခဲ့ပြီးနောက်တွင် သူ့ကို ယုံကြည်လက်ခံခဲ့ကြ၏။

သို့သော် ယေရှု၏တပည့်တော်များသည် မယုံကြည်ခဲ့ကြသေးပေ။ သူတို့သည် ယေရှု၏ကတိတော်များကို တဖန်မေ့လျော့ခဲ့ကြသည်။ သူတို့အတွက် အနာဂတ်သည် မှုန်ဝါးဝါး၊ မြော်လင့်ချက်ကင်းမဲ့ဟန်ရှိခဲ့ကြ၏။

လူများတို့သည် ကုသဖို့ရန် ဥပုသ်နေ့၌ ဗိမာန်တော်သို့ လာခဲ့ကြလေ၏။ သို့သော် တပည့်တော်တို့သည် ယေရှုက သူတို့နှင့် အတူ မရှိခဲ့သောကြောင့် အကြီးအကျယ် စိတ်ဓာတ်ကျခဲ့ကြသည်။ လူများတို့သည် ယေရှုကို အသေသတ်ရန်အတွက် ခေါ်ခဲ့ကြ၏။ သို့သော် ထိုအချိန်တွင် ယေရှုသည် အသက်ရှင်နေသေးရန်အတွက် အလိုရှိခဲ့ကြတော့သည်။

ဘာသာရေးခေါင်းဆောင်များသည် ယေရှုအသတ်ခံရပါက၊ သူတို့သည် စိတ်ပျော်ရွှင်ရမည်ဟု ထင်ခဲ့ကြ၏။ သို့သော် ထိုအချိန် တွင် ယေရှု အသေသတ်ခံရသောကြောင့် အရင်ကထက်သာ၍ကြောက်လန့်ခဲ့ကြသည်။ ယေရှုပြောသော စကားဖြစ်သည့် “ငါသည် ကိုယ် အသက်ကို စွန့်ရသောအခွင့်နှင့် တဖန်ရှင်ပြန်သောအခွင့်ကို ခမည်းတော်ပေးတော်မူပြီ” ဟူသောစကားကို ဘာသာရေးခေါင်းဆောင်များသည် သတိရခဲ့ကြ၏။ (ရှင်ယောဟန် ၂၀:၁၆၊ ၁၇) ယေရှုသည် လာဇရုကို သေခြင်းမှ ထမြောက်စေသည့် အကြောင်းကိုလည်း သူတို့သည် ပြန်အောက်မေ့ခဲ့ကြလေ၏။ ယေရှုသည် သူ၏သေခြင်းနှင့် ထမြောက်ခြင်းအကြောင်း ကြိုတင်ဟောထားချက်ကိုလည်း သူတို့ သတိရအောက်မေ့ခဲ့ကြ၏။ ရှင်မဿဲခရစ်ဝင် ၂၀:၁၈၊ ၁၉။ ယေရှုပြောထားခဲ့သည့်အတိုင်း အရာအားလုံးသည် ဖြစ်ပျက်ခဲ့၏။ တတိယ မြောက်နေ့တွင် သူရှင်ပြန်ထမြောက်ခဲ့သလား။

သူတို့သည် ယေရှုအကြောင်းကို မစဉ်းစားဘဲ မနေနိုင်ခဲ့ကြချေ။ သူတို့သည် သာ၍၊ သာ၍ ကြောက်ရွံ့လာခဲ့ကြသည်။ ထိုနေ့သည် ဥပုသ်နေ့ဖြစ်သော်လည်း သူတို့သည် မည်သည့်အရာလုပ်ဆောင်သင့်ကြောင်း ဆုံးဖြတ်ရန် တိုင်ပင်စည်းဝေးခဲ့ကြလေ၏။ ထို့နောက် သူတို့သည် ယေရှုသည် ဂူအတွင်းမှ ထွက်လာကောင်းထွက်လာနိုင်ကြောင်းစိုးရိမ်ပြီး၊ ပိလတ်မင်းထံသွား၍ အစောင့်တပ်သားများ ချပေးရန် ခွင့်တောင်းပြီး စောင့်စေခဲ့၏။ ဂူတွင်းပေါက်ဝကို ကျောက်တုံးဖြင့် ကန့်လန့်ကာထားခဲ့သည်။ စစ်သားအယောက် (၁၀၀) ကို နေရာချထားခဲ့သည်။ ရှင်မဿဲခရစ်ဝင် ၂၇း၆၂-၆၆။

**လက်တွေ့ကျင့်သုံးရန်** - သူတို့၏ကြိုးပမ်းမှုသည် အဘယ်မျှလောက် အချည်းနှီးသက်သက်ဖြစ်သနည်း။ ယေရှုခရစ်တော်၏ကတိတော်ကို ဂူတွင်းဝ၌ ကာထားသည့် ကျောက်သည်ပင် မတားဆီးနိုင်ခဲ့ပေ။ ဆိုးသောသူများသည် ယေရှုကို သင်္ချိုင်းဂူထဲ၌ နည်းအမျိုးမျိုးဖြင့် ထိန်းသိမ်းရန် လုပ်ခဲ့ကြသည်။ သို့သော် သူတို့၏ကြိုးစားမှုများသည် ရှင်ပြန်ထမြောက်ခြင်းကိုသာ အကူအညီဖြစ်စေခဲ့ပါသည်။

# အမှုပြီးပြီ

YR C
NO. 3

အလွတ်ကျမ်းချက်။ ရှင်ပေတရုဩဝါဒစာ ပထမစောင် ၂း၂၄

“ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည် အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်မူပြီး ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက်ရှိကြ၏။”



## တနင်္ဂနွေနေ့ ၊ မိမိကိုယ်ကို မကယ်တင်ခြင်း (ရှင်ယောဟန်ခရစ်ဝင် ၁၉း၂၀-၂၇) ၁

ယေရှုသည် ကားတိုင်ပတ်လည်၌ လူအုပ်ကြီးကို လှည့်လည်ကြည့်သောအခါ၊ တစ်စုံတစ်ယောက်က ထူခြားနေသည်ကို သတိထားမိ၏။ ထိုလူမှာ သူချစ်ရသော မယ်တော်ဖြစ်သည်။ ယေရှု၏လက်များကို သံနှင့်ရိုက်နေသည့် စစ်သားများကို အကူအညီမဲ့စွာ ကြည့်ရှုပြီး၊ သူမသည် မူးလဲသည့်အထိ ခံစားခဲ့သည်။ ထို့နောက် တပည့်တော်များသည် သူမအား အဝေးသို့ ညင်သာစွာ ခေါ်ဆောင်သွားခဲ့လေ၏။ သို့သော် သူမသည် ယေရှု၏အဝေးမှာ မနေနိုင်ခဲ့ပေ။ ယောဟန်သည် သူမအား ပြန်ခေါ်လာခဲ့၏။

ထိုအချိန်တွင် သူမနှင့်ယောဟန်အား အမြတ်တနိုးစကားပြောခဲ့၏။ ဘာပြောခဲ့သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၉း၂၆၊ ၂၇။ သူဘာဆိုလိုသည်ကို ယောဟန်နားလည်ခဲ့သည်။ ယောဟန်သည် မယ်တော်မာရိအား သူ၏အိမ်သို့ခေါ်သွားပြီး စောင့်ရှောက်ပြုစုခဲ့သည်။ သူမ တစ်ယောက်တည်းသာ ကောင်းကြီးကို လက်ခံခဲ့သည်မက ယောဟန်ပါ ရရှိခဲ့သည်။ သူမအသက်ရှင်သည့် ကာလပတ်လုံး၊ မာရိသည် ယေရှုအကြောင်းကို ယောဟန်အားသစ္စာရှိသော သတိပေးသူဖြစ်ခဲ့သည်။

ထို့နောက် ယေရှုသည် သေဆုံးခဲ့သည်။ သူသည် အပြစ်မကျူးလွန်၊ အပြစ်မဲ့သူဖြစ်သော်လည်း လူသားတိုင်း၏အပြစ်အားလုံးသည် သူ့အပေါ် ကျရောက်ခဲ့သည်။ ထိုအပြစ်များ၏ဝန်သည် ယေရှုအပေါ် လေးသထက်ပိုလေးခဲ့၏။ ထိုအရာသည် ယေရှုအား သူ့ ခမည်းတော်နှင့် ဝေးကွာစေခြင်းဖြစ်လေသည်။

အပြစ်သည် မည်မျှကြီးလေးကြောင်း ယေရှုသည် ပြင်းထန်စွာ ဝေဒနာခံစားခဲ့ရ၏။ ထိုအချိန်တွင် သူမသည် အပြစ်၏အဖိုးအခမှာ သေခြင်းဖြစ်ကြောင်းကို သိခဲ့လေ၏။ သူသည် လောက၏အပြစ်များကို ဘယ်လောက် သည်းခံနိုင်ကြောင်းနှင့် တဖန်ပြန်လည်ထမြောက်မည် အကြောင်းကို သူမ မြင်နိုင်ခဲ့သည်။ ၎င်းသည် ယေရှုက သေပြီး၊ သူ့ခမည်းတော်အား တဖန် ဘယ်တော့မှ မမြင်နိုင်ပုံပေါ်ခဲ့သည်။ ယေရှုသည် ကျွန်ုပ်တို့ ထာဝရအသက်ရဖို့ရန်အတွက် ထာဝရသေခြင်းကို ရွေးချယ်ခဲ့၏။ ကိုယ်ကာယပိုင်းနာကျင်ခြင်းဒုက္ခသည် အလွန်ကြောက်စရာကောင်းကြောင်း ယေရှုတွေ့ကြုံခဲ့၏။ သို့သော် သူ၏စိတ်ဒုက္ခသည် သူခက်ခဲစွာ ခံစားရသော ကိုယ်ကာယပိုင်း နာကျင်ခြင်းဝေဒနာထက် ပိုဆိုးရွားခဲ့၏။

ဘာသာရေးခေါင်းဆောင်များ (ယဇ်ပုရောဟိတ်များ၊ ကျမ်းတတ်ပုဂ္ဂိုလ်များ) သည် ယေရှုအား ပျက်ရယ်ပြုခဲ့ရာတွင်၊ သူတို့က၊ “ဤသူသည် သူတပါးတို့ကို ကယ်တင်တတ်၏၊ ကိုယ်ကို မကယ်တင်နိုင်ပါတကား” ဟု ပြောခဲ့ကြ၏။ (ရှင်မဿဲခရစ်ဝင် ၂၇း၄၂) သူတို့သည် ထိုအရာသည် ဘယ်လိုဟုတ်မှန်ကြောင်း မသိခဲ့ကြပေ။ ယေရှုသည် မိမိကိုယ်ကို မကယ်တင်နိုင်ခဲ့ပေ၊ သို့သော်သူသည် ကျွန်ုပ်တို့၏အပြစ်များအတွက် အဖိုးအခကို ပေးချေခဲ့သည်။ ဟေရှာယအနာဂတ္တိကျမ်း ၅၃း၄၊၅။

**လက်တွေ့ကျင့်သုံးရန်** - ယေရှုသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ကြောက်မက်ဖွယ်ကောင်းသော ဒုစရိုက်အပြစ်အတွက်ကိုသာ သယ်ဆောင်သွားသည် မဟုတ်ကြောင်းကို သတိရပါ။ သူသည် လူတိုင်း၏ အပြစ်အားလုံးအတွက် သယ်သွားခဲ့ခြင်းဖြစ်သည်။ ယေရှုခရစ်တော် လုပ်ခဲ့သောအရာ အပြည့်အစုံကို ဘယ်တော့မှ ကျွန်ုပ်တို့နားလည်မည် မဟုတ်ကြောင်းကို အံ့သြစရာမလိုပါ။ သို့သော် ကျွန်ုပ်တို့သည် စာတန်၏ချုပ်နှောင်မှုမှ လွတ်မြောက်ခြင်းနှင့် ကောင်းသောအသက်တာဖြင့်အသက်ရှင်ခြင်း၊ ဖြောင့်မတ်ခြင်းအသက်တာများကို ရွေးချယ်နိုင်ပါသည်။ ယေရှု၏အသေခံခြင်းမရှိပါက၊ ထိုအရာများကို ရွေးချယ်ရန် အခွင့်ရမည် မဟုတ်ပေ။ ရှင်ပေတရုဩဝါဒစာ ပထမစောင် ၂း၂၄။

## တနင်္လာနေ့ ၊ ယုံကြည်ခြင်းအားဖြင့် အောင်ပွဲခံသော (ရှင်မဿဲခရစ်ဝင် ၂၇း၄၅-၅၀) ၂

မွန်းတည့်အချိန်၌၊ နေသည် ရုတ်တရက် မှောင်မိုက်ခဲ့ပြီး၊ မြေတပြင်လုံး အမှောင်ထု ဖြစ်လာလေ၏။ ကျိန်ဆဲခြင်းနှင့် ပျက်ရယ်ပြုခြင်းများသည်လည်း ချက်ချင်းရပ်တန့်ခဲ့လေ၏။ ကြောက်လန့်နေသော ယဇ်ပုရောဟိတ်များနှင့် ခေါင်းဆောင်အပါအဝင်၊ လူများအားလုံးသည် တရားစီရင်ခြင်းသည် လာလေပြီဟုအထင်နှင့် မြေပြင်သို့ လဲကျခဲ့ကြ၏။ ယေရှု၏နာကျင်ခြင်းဝေဒနာ ခံစားရသော နောက်ဆုံးနာရီကို ဖုံးကွယ်ရန် ထိုအမှောင်ထုအားဖြင့် ဘုရားသခင်သည် ဂရုဏာသက်စွာဖြင့် ကူညီခဲ့သည်။ ထိုမှောင်နေသော တိမ်ထဲတွင် ဘုရားသခင် သူ့သားတော်နှင့်အတူရှိပြီး၊ အတူခံစားခဲ့၏။ သို့သော် ယေရှုသည် သူ့အဖခမည်းတော်အား မတွေ့မြင်ခဲ့ပေ၊ သို့မဟုတ် သူ့ခမည်းတော်၏ တည်ရှိခြင်းကို မခံစားခဲ့ပေ။ သူတစ်ယောက်တည်းသာ ဆင်းရဲဒုက္ခခံစားရလေ၏။

မွန်းတည့်သုံးချက်တိတိတွင်၊ တဖန်အလင်းသည် ဖြစ်ပေါ်လာလေ၏။ သို့သော် အမှောင်ထုသည် ယေရှုကို ကွယ်ဝှက်ဆဲရှိ၏။

© ၂၀၂၂ - My Bible First www.mybiblefirst.org sales@mybiblefirst.org

ထို့နောက် ယေရှုသည် "အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသည်နည်း" ဟု ကြီးသောအသံနှင့် ကြွေးကြော်လေ၏။ ယေရှုသည် ကျွန်ုပ်တို့၏အပြစ်များအားလုံးသည် သူ့အပေါ်တင်ရှိခြင်းကြောင့် သူ့အဖခမည်းတော်ထံမှ ဝေးကွာရခြင်း၏ အလွန်နာကျင်ရခြင်းကို ဖော်ပြခဲ့ခြင်းဖြစ်သည်။



ယေရှုသည် တကြိမ်တခါမှ အပြစ်ကို မရွေးချယ်ခဲ့ချေ။ စာတန်သည် ယေရှုအား မသေခင် အပြစ်ကျူးလွန်ရန် မလုပ်ဆောင်နိုင်ခဲ့ကြောင်းနှင့် သူနှင့် သူ၏တမန်များသည် နောက်ဆုံး၌ ထာဝရဖျက်ဆီးခံရမည်ဖြစ်ကြောင်းကို သူသိခဲ့သည်။ ထို့ကြောင့် ယေရှုအား လက်ဝါးကားတိုင်မှ ဆင်းလာဖို့ရန် နည်းအမျိုးမျိုးဖြင့် ပရိယာယ်သုံးပြီး လုပ်ဆောင်ခဲ့၏။ ထို့ကြောင့် ယေရှုခံစားရသော ကိုယ်ကာယဆိုင်ရာ နာကျင်ခြင်းနှင့် စိတ်နာကျင်ခံစားခြင်းများသည် အံ့သြစရာမဟုတ်ပေ။

သို့သော် ယေရှုသည် စာတန်၏စုံစမ်းခြင်းများ၌ အရှုံးမပေးခဲ့ချေ။ ခမည်းတော်သူနှင့်အတူရှိခြင်းကို မတွေ့မြင်၊ မခံစားနိုင်သော်လည်း၊ အချိန်တိုင်းတွင် သူ့ခမည်းတော်သည် သူ့အား သားတော်အဖြစ်လက်ခံနေကြောင်း ခမည်းတော်က ဖော်ပြခဲ့သည်ကို သူအမြဲအောက်မေ့ခဲ့သည်။ ရှင်မဿဲခရစ်ဝင် ၃း၁၆၊ ၁၇၊ ၁၇း၅၊ ရှင်ယောဟန်ခရစ်ဝင် ၁၂း၂၈။ ရှေ့က ခမည်းတော်၏လက်ခံခြင်း သက်သေအပေါ်၊ ယုံကြည်ခြင်းအားဖြင့် ခိုလှုံအားကိုးရန် သူရွေးချယ်ခဲ့သည်။ သူခံစားရသည့်အကြောင်းကို မပြောဘဲ၊ အဖဘုရားသခင်၌ သူ့ယုံကြည်ခြင်းကို ပြသခဲ့ကြောင်း၊ ယေရှုဘာပြောခဲ့သနည်း။ ရှင်လုကာခရစ်ဝင် ၂၃း၄၆။

ယေရှုသည် ကျယ်သောအသံဖြင့် ရှင်းလင်းစွာ ကြွေးကြော်ခဲ့ပြီး၊ သူ့မျက်နှာသည် နေကဲ့သို့ တောက်ပခဲ့၏။ ခမည်းတော်သည် သူ့အားစွန့်ပစ်ကြောင်း၊ ဘယ်တော့မှ သူ မခံစားခဲ့ပါ။ ခမည်းတော်၏ချစ်ခြင်းမေတ္တာကို သူယုံကြည်ကိုးစားခဲ့သည်။ ထို့ကြောင့် ယုံကြည်ခြင်းအားဖြင့် အောင်ပွဲကို သူရရှိခဲ့၏။ ထို့နောက်၊ စာတန်ကို အောင်သော အောင်မြင်သူအဖြစ် နဲ့ သေလေ၏။ ဗျာဒိတ်ကျမ်း ၁၂း၁၀။

**လက်တွေ့ကျင့်သုံးရန်** - ကျွန်ုပ်တို့သည် ယေရှုခရစ်တော်ကဲ့သို့ ပြင်းထန်သောစုံစမ်းခြင်းမျိုးကို ဘယ်တော့မှ ကြုံရမည်မဟုတ်ပေ။ သို့သော် သူလုပ်ခဲ့သည်နည်းတူ၊ ထိုနည်းလမ်းအတိုင်း အောင်မြင်ခွင့်ကို ရရှိမည်ဖြစ်သည်။ ရှင်ယောဟန်ဩဝါဒစာ ပထမစောင် ၅း၄။ ကျွန်ုပ်တို့သည်လည်း၊ ဆိုးသောအရာများကို ပဓာန မထားဘဲ၊ ထို့နောက် ကျွန်ုပ်တို့၏ခံစားရခြင်းကို မကိုးစားဘဲ၊ ကျမ်းစာ၌တွေ့ရသော ဘုရားသခင်၏ကတိတော်များကို ယုံကြည်ကိုးစားရန် ရွေးချယ်ပါက အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

## အင်္ဂါနေ့ ၊ အမှုပြီးပြီ (၁)



ယေရှုခရစ်တော်သည် မိမိကိုယ်ကို ခမည်းတော်ထံ မဆက်ကပ်ခင်နှင့် မသေခင်တွင်၊ သူပြောခဲ့သောစကားတော်ရှိပါသည်။ အဘယ်စကားတော် ဖြစ်ပါသနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၉း၃၀။

ထိုစကားများအားဖြင့်၊ ယေရှုသည် ဘာကို ဆိုလိုခဲ့သနည်း။ ထိုအချိန်၌၊ ဘယ်အရာသည် အမှန်တကယ် ပြီးဆုံးခဲ့သနည်း။ ဤမေးခွန်းကို ဖြေဖို့ရန်မှာ ကျွန်ုပ်တို့သည် အကောင်းနှင့်အဆိုး တိုက်လှန်ပွဲ၏အစကို ပြန်သွားဖို့ရန် လိုအပ်ပါသည်။



စာတန်သည် ဘုရားကို စတင်ဆန့်ကျင်ခဲ့သောအခါတွင်၊ ဘုရားသခင်၏ပညတ်တော်သည် ဘုရားက မိမိကိုယ်ကျိုးအတွက်သာ ထားသည်၊ ဘုရားသခင်သည် ဖန်ဆင်းခံအရာများအတွက်ထက် မိမိကိုယ်ကို ပိုဂရုစိုက်စောင့်ရှောက်ရန်သာဖြစ်သည်ဟု ပြောခဲ့၏။ စာတန်က ဘုရားသခင်သည် စကြ်ဝဠာကို ကောင်းအောင်လုပ်ရန် ပို၍စိတ်မဝင်စား၊ ဂရုမစိုက်သော ဘုရားဖြစ်ကြောင်း စွပ်စွဲပြီး၊ ထိုသို့သော ဘုရားဖြစ်ကြောင်းအားလုံးမြင်ရန် သူပြုလုပ်ခဲ့သည်။

ဘုရားသခင်၏ပညတ်တော်သည် အမှန်တကယ်မှာ မစောင့်နိုင်သော ပညတ်ဖြစ်ကြောင်းနှင့် ဘုရားသခင်၏ပညတ်တော်ထက် ပိုကောင်းသောပညတ်တော်ကို သူပြုလုပ်နိုင်ကြောင်း စာတန်က ပြောခဲ့သေး၏။

တချို့သောကောင်းကင်တမန်များသည် စာတန်ကို ရွေးချယ်ခဲ့ကြပြီး၊ တချို့သောတမန်များသည် ဘုရားသခင်အပေါ် သစ္စာရှိ ကျန်ရစ်ခဲ့ခြင်းကို ရွေးချယ်ခဲ့ကြလေ၏။ သို့သော် သစ္စာရှိသောကောင်းကင်တမန်များတောင် စာတန်၏ အုပ်ချုပ်မှုစနစ်၏အဆုံးရလဒ်ကို အပြည့်အစုံ နားမလည်ခဲ့ကြချေ။ ထို့ကြောင့် ဘုရားသခင်သည် စာတန်အား သူ့ (စာတန်) ၏ စီမံကိန်းကို ကြိုးစားလုပ်ဆောင်ရန် အချိန် ပေးခဲ့၏။ ထို့နောက်မှ စကြ်ဝဠာတစ်ခုလုံးသည် စာတန်၏စီမံအုပ်ချုပ်မှုနှင့် ဘုရားသခင်၏စီမံအုပ်ချုပ်မှု နှစ်ခုစလုံး၏နောက်ဆုံး ရလဒ်ကို မြင်တွေ့နိုင်မည်ဖြစ်သည်။

အာဒံနှင့်ဧဝတို့ အပြစ်ကျူးလွန်ခဲ့မိသောအခါ၌၊ ဘုရားသခင်၏ကျွန်ုပ်တို့အားကယ်တင်ရန်စီမံကိန်း (ကယ်တင်ခြင်းစီမံကိန်း) သည် ချက်ချင်းအကောင်အထည်ဖော်ခဲ့၏။ ဘုရားသခင်၏စီမံကိန်းမှာ အဘယ်နည်း။ ရှင်ယောဟန်ခရစ်ဝင် ၃း၁၆။

ဤစီမံကိန်းသည် အဘယ်သို့နည်း။ ကျွန်ုပ်တို့သည် အပြစ်သားဖြစ်သည်၊ သေမျိုးဖြစ်၏။ (ရောမဩဝါဒစာ ၆း၂၃) သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကယ်တင်ရန် နည်းလမ်းတစ်ခုကို ထည့်ပေးခဲ့သည်။ ပညတ်တော်အရကြောင့် အပြစ်သားများသည် သေရမည်ဖြစ်သည်။ သို့သော် ယေရှုခရစ်တော်သည် ဤလောကသို့ ကြွလာခဲ့ပြီး၊ ကျွန်ုပ်တို့၏အပြစ်အားလုံးကို မိမိအပေါ်ယူတင်သွားခဲ့၏။ ယေရှုသည် ကျွန်ုပ်တို့သေရမည့်နေရာတွင် သူ အစားသေပေးခဲ့သည်။ ထို့ကြောင့် သူ၏ထာဝရအသက်လက်ဆောင်ကို ရရှိရန် ရွေးချယ်နိုင်ခဲ့သည်။ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၅း၁၉၊၂၀၊ ရှင်ပေတရုဩဝါဒစာ ပထမစောင် ၂း၂၄။

နောက်နှစ်ပေါင်း ၄၀၀၀ အတွက်၊ သစ္စာရှိကောင်း ကင်တမန်များသည် ဘုရားသခင်က မည်သည့်အရာများ လုပ်ခဲ့ကြောင်းနှင့် စာတန်ကမည်သို့လုပ်ခဲ့ကြောင်းကို စောင့်ကြည့်ခဲ့ကြသည်။ စာတန်သည် လူများအား အမြဲတမ်းဖျက်ဆီးနေခဲ့သည့်အချိန်၊ ဘုရားသခင်သည် လူများအား အမြဲတစေ ကူညီနေခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်** - ဘုရားသခင်သည် မည်သည့်အရာကို လုပ်နေခဲ့ကြောင်းနှင့် စာတန်မာရ်နတ်သည် မည်သည့်အရာကို လုပ်နေခဲ့ကြောင်းကို သမ္မာကျမ်းစာက ကျွန်ုပ်တို့အား ပြောနေပါသည်။ သင် ဘယ်တယောက်ကို သခင်အဖြစ်ထားချင်ပါသနည်း။ ယနေ့ သင်မည်သူ့ကို ရွေးချယ်နေပါသလဲ။

## ဗုဒ္ဓဟူးနေ့ ၊ အမှုပြီးပြီ (၂)



သစ္စာရှိသော ကောင်းကင်တမန်များသည် ဘုရားသခင်နှင့် စာတန်ကြား တိုက်လှန်ပွဲကြီးကို နှစ်ပေါင်း ၄၀၀၀ တိတိ၊ စောင့်ကြည့်ခဲ့သည်။

ထို့နောက်၊ ယေရှုသည် လူ့ဇာတိဖြင့် မွေးဖွားခဲ့၏။ စာတန်သည် ယေရှု အပြစ်တကြိမ်လောက် ကျူးလွန်မိရန်၊ ၎င်းကို သူ၏ ပန်းတိုင်တစ်ခုထားပြီး၊ သူ၏အလွန်တော်သောဉာဏ်စွမ်းအား အလုံးစုံကို သုံးပြီး၊ ကြိုးစားအားထုတ်ခဲ့၏။ သို့သော် သူလုပ်ဆောင်ခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ စာတန်သည် ယေရှုကို သာ၍စုံစမ်းလေလေ၊ ယေရှုသည် သူ့အဖခမည်းတော်အပေါ် သာ၍ သစ္စာရှိ၊ သာ၍ ဖြောင့်မတ်ဖြူစင်၊ သာ၍အပြစ်မဲ့လေလေ ဖြစ်ခဲ့လေ၏။



ကောင်းကင်တမန်များသည် စာတန်က လူများကို အသုံးချပြီး၊ ယေရှုအား ကြောက်ခမန့်ဖွယ်ကေင်းသော၊ ရက်စက်သော ပြုမူခြင်းများကို အံ့သြစွာကြည့်ရှုနေခဲ့ကြ၏။ ထိုမျှမက ယေရှုသည် ကားတိုင်ပေါ်၌ သံနှင့်ရိုက်ခံရသော နောက် ရန်သူများအပေါ် ယေရှု၏ခွင့်လွှတ်ခြင်းဝိညာဉ်ကိုလည်း ကောင်းကင်တမန်များက အံ့သြနေခဲ့ကြလေ၏။ (ရှင်လုကာခရစ်ဝင် ၂၃း၃၄)

"အမှုပြီးပြီ" ဟု ကြွေးကြော်ပြီးနောက် ယေရှုသည် ခေါင်းတော်ညွတ်ပြီး၊ အသက်ချုပ်တော်မူခဲ့သည်။ သူသည် အပြစ်တစုံတခုမှ မကျူးလွန်ဘဲ၊ ပြီးပြည့်စုံသောချစ်ခြင်းမေတ္တာကို ပြသပြီး အသက်ချုပ်တော်မူခဲ့၏။

အမှုပြီးပြီ - ဘုရားသခင်၏ပညတ်တော်သည် စောင့်ထိန်းဖို့ရန် ဖြစ်နိုင်ကြောင်း ယေရှုပြသပေးခဲ့၏။ ထို့အတူ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အားကိုးယုံကြည်ခြင်းအားဖြင့် အပြစ်မကျူးလွန်ဘဲ အဘယ်သို့ အသက်ရှင်နိုင်ကြောင်းလည်း သူ ပြသခဲ့၏။ အပြစ်ကို မခွင့်လွှတ်နိုင်ကြောင်းကိုလည်း သူပြသခဲ့သည်။ ဟေဗြဲဩဝါဒစာ ၄း၅၊ ၁၆၊ ရှင်ယောဟန်ဩဝါဒစာ ပထမစောင် ၃း၃-၆။

အမှုပြီးပြီ - ဘုရားသခင်၏ပညတ်တော်သည် ထာဝရဖြစ်ကြောင်း၊ မပြောင်းလဲနိုင်ကြောင်းကို ယေရှုသည် ပြသခဲ့သည်။ အကယ်၍ ပညတ်တော်သည် ပြောင်းလဲနိုင်သောအရာဖြစ်ပါက၊ ယေရှုခရစ်တော် အသေခံရန် လိုအပ်မည်မဟုတ်ပါ။ သို့သော် အမှန်မှာ၊ ဘုရားသခင်၏ပညတ်တော်ကို မပြောင်းလဲနိုင်ကြောင်းကို ယေရှုသည် လက်ဝါးကားတိုင်ပေါ်၌ အသေခံခြင်းအားဖြင့် ပြသပေးခဲ့သည်။ ရောမဩဝါဒစာ ၃း၃၁၊ ၇း၁၂။

အမှုပြီးပြီ - ယေရှုသည် ဘုရားသခင်နှင့် စာတန်တို့၏ခြားနားပုံကို အပြည့်အစုံ ပြသခဲ့ပြီးဖြစ်သည်။ ဘုရားသခင်၏သားတော် ယေရှုခရစ်တော်သည် မိမိကိုယ်ကို အလွန်နှိမ့်ချပြီး အသေခံခဲ့၏။ ဖိလိပ္ပိဩဝါဒစာ ၂း၅-၈။ အပြစ်ရှိသောလူသားမျိုးနွယ်များကို ကယ်တင်ဖို့ အလို့ငှါ၊ သူ့အဖခမည်းတော်ထံမှ ထာဝရဝေးကွာဖို့ရန် သူရည်ရွယ်ခဲ့၏။ (ရှင်မာကုခရစ်ဝင် ၁၅း၃၄)

အခြားတဖက်မှာလည်း၊ စာတန်သည် သူ၏ရည်ရွယ်ချက်ကို ပြည့်စုံဖို့ရန် ကြိုးစားရာတွင် ဘုရားသားတော်ကို သတ်ခဲ့သည်။ ကောင်းကင်ဘုံ၌ရှိသောသစ္စာရှိကောင်းကင်တမန်များသည် စာတန်၏စီမံအုပ်ချုပ်မှုနှင့် ဘုရားသခင်၏စီမံအုပ်ချုပ်မှုများ၏နောက်ဆုံး ရလဒ်များကို ထိုအချိန်တွင် ရှင်းလင်းစွာမြင်တွေ့နိုင်ခဲ့၏။ ဘုရားသခင်၏ဖန်ဆင်းသောအရာများကို အမှန်တကယ်ချစ်သူမှာ စာတန် မဟုတ်ဘဲ၊ ဘုရားသခင်သာ ဖြစ်ကြောင်း သူတို့တွေ့မြင်ခဲ့ကြသည်။

အမှုပြီးပြီ - ယေရှုသည် စာတန်ကို အောင်နိုင်ခဲ့သည်။ သူသည် စာတန်ကို အနိုင်ယူခဲ့ပြီး၊ တနေ့ အပြစ်နှင့် စာတန်ကို ဖျက်စီးပစ်မည်ဖြစ်၏။ ဗျာဒိတ်ကျမ်း ၂၁း၄။ သူတို့၏ ကြီးမားသောတိုက်လှန်ပွဲသည် မပြီးဆုံးခဲ့သေးသော်လည်း၊ လူသားများ၏ ကယ်တင်ခြင်း ဆုလာဘ်မှာမူ အသေအချာပြုလုပ်ခဲ့ပြီးဖြစ်သည်။ ယေရှုခရစ်တော်ကို ယုံကြည်လက်ခံသောသူများသည် တနေ့ ထာဝရကယ်တင်ခံရမည် ဖြစ်သည်။ ဗျာဒိတ်ကျမ်း ၇း၈-၁၂။

**လက်တွေ့ကျင့်သုံးရန်** - ယခုအချိန်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်ဘက်၌ ရှိနေရန် ဆုံးဖြတ်ချက်ချရမည်ဖြစ်သည်။ သင် ယနေ့ အဘယ်ကြောင့် ယေရှုကို အစေခံဖို့ မရွေးချယ်သနည်း။

## ကြာသပတေးနေ့ ၊ သင်္ချိုင်းဂူအတွင်းသို့ ခေါ်ဆောင်ခံရခြင်း (ရှင်မဿဲခရစ်ဝင် ၂၇း၅၁-၆၁၊ ရှင်ယောဟန်ခရစ်ဝင် ၁၉း၃၁-၄၂)



ယေရှုသေသောအချိန်အတောအတွင်း၌ နိမိတ်များစွာဖြစ်ပျက်ခဲ့သည်။ စာတန်ကို ယေရှုနိုင်ပြီဟု ကောင်းကင်တခုလုံး၌ တံပိုးခရာဖြင့် ကြွေးကြော်ခဲ့ကြ၏။ သစ္စာရှိသော စကြ်ဝဠာတခုလုံးသည် ဘုရားသခင်အား အတူတကွ ချီးမွမ်းခဲ့ကြ၏။

လက်ဝါးကပ်တိုင်မှာလည်း ရောမစစ်သားတကျိပ်ကို အုပ်ချုပ်သောစစ်သူကြီးသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယေရှု သည် ဘုရားသားတော်ဖြစ်ကြောင်း ယုံကြည်ခဲ့၏။ သူသည် ယေရှု၏သည်းခံနှိမ့်ချခြင်းကို မြင်တွေ့သောအခါနှင့် သေသောအခါ၌ ယေရှု၏ အောင်မြင်ကြွေးကြော်သံကို ကြားသောအခါ၌ ထိုစစ်သူကြီးသည် မည်သို့ ပြောခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၇း၅၄။ (လက်ဝါးကပ်တိုင်ကို ထမ်းပေးခဲ့သော ရှိမုန်နှင့် သူခိုးတယောက် ပြီးနောက်) သူသည် ထိုနေ့၌ ယေရှုခရစ်တော်၌ ယုံကြည်ခြင်းကို ဖော်ပြသော တတိယမြောက်သောသူတစ်ယောက်ဖြစ်ခဲ့သည်။ ယေရှု၏သေခြင်းသည် အချည်းနှီးမဟုတ်ခဲ့ပေ။ ဟေရှာယအနာဂတ္တိကျမ်း ၅၃း၁၁။

တစ်ချိန်တည်းတွင်၊ ယဇ်ပရောဟိတ်တစ်ယောက်သည် ပုံမှန်အတိုင်း ဗိမာန်တော်၌ ညနေယဇ်ပူဇော်ခြင်းအတွက် သိုးသငယ်ကို သတ်ရန် ပြင်ဆင်နေခဲ့၏။ သို့သော် ဘုရားသခင်၏သိုးသငယ် ယေရှုသည် အသေခံခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ထိုနေ့မှစ၍ ဗိမာန်တော်၌ ယဇ်ပူဇော်ခြင်းသည် မလိုအပ်တော့ပေ။ ထိုအချိန်၌ ကြောက်မက်ဖွယ်ကောင်းသော ငလျင်လှုပ်ခဲ့လေ၏။ ၎င်းသည် လူအုပ်များအား ကွဲသွားစေခဲ့သည်။ တောင်များမှ ကျောက်ဆောင်များသည်လည်း ကွဲလွင့်ခဲ့ပြီး စမ်းချောင်းများသို့ ကျကြကုန်၏။ သင်္ချိုင်းဂူများသည်လည်း ပွင့်သွားခဲ့ကြ၏။ ထိုအချိန်တွင်၊ ဗိမာန်တော်၌ သန့်ရှင်းသောအခန်းနှင့် အသန့်ရှင်းဆုံးအခန်းအကြား ကာထားသော ကန့်လန့်ကာသည် မည်သို့ဖြစ်ပျက်ခဲ့သနည်း။ ရှင်မာကုခရစ်ဝင် ၁၅း၃၇၊ ၃၈။ ယဇ်ပရောဟိတ်သည်လည်း ဓားကို ရုတ်သိမ်းပြီး၊ သိုးကိုလည်း လွှတ်လိုက်ခဲ့၏။

ယေရှုသည် အချိန်မီ သေခဲ့သည်။ မေရှိယသည် ၇၀ သီတင်းတပတ်တွင် သန့်ရှင်းရာဌာနကို ဖြိုပျက်မည်၊ ယဇ်ပူဇော်ခြင်းအမှုကို ပပျောက်စေလိမ့်မည်ဟု ဒံယေလ၏အနာဂတ္တိတွင် ဖော်ပြထားသည်။ (ဒံယေလအနာဂတ္တိကျမ်း ၉း၂၆၊ ၂၇) ယေရှုအသေခံသော အချိန်အတိအကျမှာ အေဒီ ၃၁၏ နွေဦးအချိန်မှာ ဖြစ်သည်။

ယေရှုသည် သေခဲ့ပြီးသော်လည်း၊ ဘာသာရေးခေါင်းဆောင်များသည် သူ့အားကြောက်နေဆဲဖြစ်ခဲ့၏။ သူတို့သည် ယေရှုကို လက်ဝါးကပ်တိုင်ပေါ်ကနေ ချက်ချင်း ထမြောက်စေချင်ခဲ့၏။